# ပါဠိသဒ္ဒါ

## နာမ

- နာမနာမ်
- သဗ္ဗနာမ် + ဝိဘတ် (သိ-စသည်)၊ (သို့)၁၅-ပစ္စည်း
- သမာသ်
- တဒ္ဓိတ် + ဝိဘတ် (သိ-စသည်)
- ကိတ်
- (ဥပသာရ)
- နိပါတ်

## ကြိယာ

ဓာတ် + ပစ္စည်း + အာချာတ်ဝိဘတ် (တိ-စသည်)

ဓာတ် + ပစ္စည်း + နာမ်ဝိဘတ် (ပထမာ သိ+ယော)

♣ ဧဝံ မေ သုတံ -ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဂိဇ္ဈကူဋေ ပဗ္ဗတေ။ (ဒီ၊၂၊ ၁၃၁)

♣ အသောသိ ခေါ အမ္ဗပါလီ ဂဏိကာ “ဘဂဝါ ကိရ ဝေသာလိံ အနုပ္ပတ္တော ဝေသာလိယံ ဝိဟရတိ မယှံ အမ္ဗဝနေ”တိ။ (ဒီ၊၂၊၁၆၁)

♣ ‘သဒ္ဒဟသိ တွံ, အာနန္ဒ, တထာဂတဿ ဗောဓိ’န္တိ? ‘ဧဝံ, ဘန္တေ’။ (ဒီ၊၂၊ ၁၇၈)

♣ သဗ္ဗနာမ်ပုဒ်နောင် တော-စသော ၁၅-ပစ္စည်းဆက်နိုင်သည်။ ထိုသို့ဆက်ရာ၌ ပုဒ်ရာဝင်အောင် ဝိဘတ်မသက်ရတော့။ ပစ္စည်းသည်ဝိဘတ်အရာဖြစ်သည်။
၁၅-ပစ္စည်း ဆက်ထားက အဗျယ။ သိ-စသည့် ဝိဘတ်ဆက်က လိင်သုံးပါးဖြစ်နိုင်။ (ပို့ချချက်-၁၆၁)

♠ ဥပသာရပုဒ်များမှာ သူ့ချည်းသက်သက် ဝိဘတ်ဆုံးလျက် မနေကြ။(ရူဘာဋီ ပ ၃၄၉)

♣ နိပါတ်ပုဒ်တိုင်းနောက် ဝိဘတ်သက်ချေသည်။ အနက်၌ ဝိဘတ်သံပါလျှင် ဝိဘတ္တိယုတ္တ၊ မပါလျှင် အဝိဘတ္တိယုတ္တ။
ဝိဘတ္တိ၌ ဝိဘတ်သံအတိုင်း ဝိဘတ်သက်၍ အဝိဘတ္တိ၌ သိ,သာ သက်သည်။ (ရူဘာဋီ ပ ၃၂၂)

♠ ဥပ ခါရိယံ, အဓိ ဗြဟ္မဒတ္တေ, အဓိ နစ္စေ တို့ကို သမာသ်ဟု ထင်ကြသည်။ သို့သော် ဥပသဒ္ဒါ အဓိသဒ္ဒါ၏ ယှဉ်ရာစပ်ရာဟု ဆိုသဖြင့် ခါရိယံ-ကား ၏-ဟု
အနက်ပေးသောကြောင့် ဥပ၌ သမ္ဗန်၊ ဥပကား သမ္ဗန္ဓီဟု တပုဒ်စီ ခွဲခြား၍ စပ်ရမည်။ ထို့ကြောင့် ဥပ ခါရိယံ-စသည်မှာ သမာသ်မဟုတ်၊ တပုဒ်စီ။(အခြေပြုသဒ္ဒါ ၆၂၈-၆၂၇)

♠ ဤ ဥပ,အဓိ-တို့သည် ‘ဓာတွတ္ထံ ဥပစ္စ သဇ္ဇန္တိ’နှင့် ညီအောင် **ဓာတ်အနက်ကို မပြင်ဆင်နိုင်ကြသောကြောင့်** ဥပသာရအမည် မရကြ။ ကမ္မပဝစနီယတို့သာ မည်ကုန်၏။
ကစ္စည်းကျမ်းလာ ကမ္မပ္ပဝစနီယယုတ္တေသုတ်နှင့် မဆိုင်သော ကမ္မပ္ပဝစနီယများစွာ ရှိကုန်သည်။ အပ+သာလာယ၊ ပတိ+သာရိပုတ္တော-တို့၌ အပ,ပတိ-တို့လည်း ကမ္မပ္ပဝစနီယပင်။
(ရူဘာဋီ ပ ၅၁၇)

# နာမ်တည်ဆောက်ပုံ

နာမ်ပုဒ် +

| | | | |
|---|---|---|---|
| ပ | ဧ | သိ | သည်၊ ကား၊ က၊ ကို |
| | ဗ | ယော | တို့သည်၊ တို့ကို |
| အာ | ဧ | သိ | အို |
| | ဗ | ယော | အို — တို့ |
| ဒု | ဧ | အံ | ကို၊ သို့ |
| | ဗ | ယော | တို့ကို၊ တို့သို့ |
| တ | ဧ | နာ | ဖြင့်၊ သည်၊ နှင့်၊ ကြောင့် |
| | ဗ | ဟိ | တို့ဖြင့်၊ တို့သည် |

နာမ်ပုဒ် +

| | | | |
|---|---|---|---|
| စ | ဧ | သ | အား၊ ငှါ |
| | ဗ | နံ | တို့အား၊ တို့ငှါ |
| မိ | ဧ | သ္မာ | မှ၊ကြောင့်၊အောက်၊ထက် |
| | ဗ | ဟိ | တို့မှ |
| ဆ | ဧ | သ | ၏၊တွင်၊သည်၊ကို |
| | ဗ | နံ | တို့၏ |
| သ | ဧ | သ္မိံ | ၌၊တွင်၊ကြောင့်၊ |
| | ဗ | သု | တို့၌ |

---

ဗုဒ္ဓ+သိ= ဗုဒ္ဓေါ–ဘုရားသည်။
ဗုဒ္ဓ+ယော=ဗုဒ္ဓါ–ဘုရားတို့သည်
သာ+သိ=သာ–ခွေးသည်
သာ+ယော=သာ,သာနော–ခွေးတို့သည်
မုနိ+သိ=မုနိ–ရဟန်းသည်
မုနိ+ယော=မုနီ,မုနယော–ရဟန်းတို့သည်
ဒဏ္ဍီ+သိ=ဒဏ္ဍီ–ဒုတ်ရှိသူသည်
ဒဏ္ဍီ+ယော=ဒဏ္ဍီ,ဒဏ္ဍိနော–ဒုတ်ရှိသူတို့သည်
ဘိက္ခု+သိ=ဘိက္ခု–ရဟန်းသည်
ဘိက္ခု+ယော=ဘိက္ခူ,ဘက္ခဝေါ–ရဟန်းတို့သည်
ပဘူ+သိ=ပဘူ–အစိုးရသောသူ
ပဘူ+ယော=ပဘူ,ပဘုဝေါ=အစိုးရသောသူတို့သည်
ဂေါ+သိ=ဂေါ=နွားသည်
ဂေါ+ယော=ဂါဝေါ,ဂဝေါ–နွားတို့သည်

စိတ္တ+သိ=စိတ္တံ–စိတ်သည်။
စိတ္တ+ယော=စိတ္တာ,စိတ္တာနိ–စိတ်တို့သည်
အဋ္ဌိ+သိ=အဋ္ဌိ–အရိုးသည်
အဋ္ဌိ+ယော=အဋ္ဌီနိ–အရိုးတို့သည်
သုခကာရီ+သိ=သုခကာရီ–ချမ်းသာကိုပြုလေ့ရှိသူ
သုခကာရီ+ယော=သုခကာရီ,သုကာရီနိ
အာယု+သိ=အာယု–အသက်သည်
အာယု+ယော=အာယူ,အာယူနိ–အသက်တို့သည်
ဂေါတြဘူ+သိ=ဂေါတြဘု–ဂေါတြဘူစိတ်သည်
ဂေါတြဘူ+ယော=ဂေါတြဘူ,ဂေါတြဘူနိ
စိတ္တဂေါ+သိ=စိတ္တဂု–
စိတ္တဂေါ+ယော=စိတ္တဂူ,စိတ္တဂူနိ–

ကညာ+သိ=ကညာ–အမျိုးသမီးသည်
ကညာ+ယော=ကညာ,ကညာယော–အမျိုးသမီးတို့သည်
ရတ္တိ+သိ=ရတ္တိ–ညည့်သည်
ရတ္တိ+ယော=ရတ္တီ,ရတ္တိယော–ညည့်တို့သည်
ဣတ္ထီ+သိ=ဣတ္ထီ–မိန်းမသည်
ဣတ္ထီ+ယော=ဣတ္ထီ,ဣတ္ထိယော–မိန်းမတို့သည်
ဓေနု+သိ=ဓေနု–နွားမသည်
ဓေနု+ယော=ဓေနူ,ဓေနုယော–နွားမတို့သည်
ဇမ္ဗူ+သိ=ဇမ္ဗူ–သပြေပင်သည်
ဇမ္ဗူ+ယော=ဇမ္ဗူ,ဇမ္ဗုယော–သပြေပင်တို့သည်
ဂေါ+သိ=ဂေါ,ဂါဝီ–နွားမသည်
ဂေါ+ယော=ဂါဝီ,ဂါဝိယော–နွားမတို့သည်

## နာမ်ဝိဘတ်များ ပုံသန္တာန် ပြောင်းလဲပုံ

| | |
|---|---|
| သိ | ဩ၊ အံ၊ အာ၊ ဧ၊ ဧျ |
| ယော | အာ၊ နိ၊ အာနော၊ အာယော၊ နော၊ ဩ၊ ဝေါ၊ ဋ္ဌော၊ ဧ၊ ဣ၊ ဝေ၊ ဧျ |
| အံ | ဩ၊ နံ၊ အာနံ၊ ဗိန္ဒု၊ ယံ |
| နာ | ဧနေ၊ သာ၊ တာ၊ အာယ၊ အာ၊ ဋ္ဌာ၊ ယော၊ သော |
| ဟိ | ဘိ |
| သ |ဿ၊ အာယ၊ ယာ၊ သော၊ နော၊ အာ၊ ဋ္ဌာ၊ အံ၊ တ္ထံ၊ တော |
| နံ | တံ၊ သာနံ၊ သံ၊ အံ၊ ဣန္နံ၊ ဣဏ္ဏံ၊ ဣဏ္ဏန္နံ |
| သ္မာ | မှာ၊ အာယ၊ အာ၊ နာ၊ တာ၊ ယာ၊ ဋ္ဌာ |
| သ္မိံ | မှိ၊ ဧ၊ နိ၊ ယံ၊ အာယ၊ အံ၊ သိ၊ ဿံ၊ တိံ၊ တိ၊ ယာ၊ ဣ၊ ဩ၊ အာ၊ ဋ္ဌံ |

(စနစ်သစ်ပါဠိသဒ္ဒါ ၉၃-၉၄)

## ဝတ္တမာန်

### ပစ္စုပ္ပန် (၏/သည်)

| | | | |
|---|---|---|---|
| ေ | တိ | န္တိ | ရေ |
| | သိ | ထ | |
| ေ | မိ | မ | |

## ဘဝိဿန္တိ

### အနာဂတ် (မည်/လတံ့)

| | | |
|---|---|---|
| (ဿ)တိ | (ဿ)န္တိ | ရေ |
| (ဿ)သိ | (ဿ)ထ | |
| (ဿာ)မိ | (ဿာ)မ | |

## အဇ္ဇတနီ

### အတိတ် (ခဲ့သည်/ပြီ)

| | | | |
|---|---|---|---|
| ◌ိ, ကျေ,တ္ထ | ◌ီ | ◌ုံ | ◌ိံသု, ◌ံသု၊ |
| ၊,◌ိ,သိ,တ္ထ,တ္ထော,ကျေ | ◌ော | တ္ထ | |
| တ္ထံ | ◌ိံ | မှာ | မှ |

## ပဉ္စမီ

### ဆုတောင်း/ဆုပေး/ခိုင်း

| | | |
|---|---|---|
| ေ | တု | န္တု |
| ေ | ဟိ | ထ |
| | မိ | မ |

## သတ္တမီ

### အကြံအစီ(ရာ၏)

| | | | |
|---|---|---|---|
| ◌ာ,ေ | ေယျ | ေယျုံ | |
| ေ | ေယျာသိ | ေယျာထ | |
| ေ | ေယျာမိ | ေယျာမ | ေယျာမု,ေမု,ေ |

## ကာလာတိပတ္တိ

### အကယ်၍(လောက်ရာပြီ)

| | | | |
|---|---|---|---|
| ဿ | ဿာ | ဿံသု | |
| ဿ | ဿေ | ဿထ | |
| | ဿံ | ဿာမှာ | ဿာမှ |

ပို့ချချက် ၁၇၀–၁၈၁

| အာချာတ်ကတ္တားဟောကြိယာတည်ဆောက်ပုံ | ပုံစံများ |
|---|---|
| ၁။ ဓာတ်+ဂိုဏ်းမှတ်(အနက်မရှိ)+တိစသည့်ဝိဘတ် | ပစ–ချက် + အ + တိ–၏= ပစတိ–ချက်၏။ |
| ဂိုဏ်းမှတ်မဆက် ၂။ ဓာတ်+ခဆသ(အနက်မရှိ)+တိစသည့်ဝိဘတ် | ကိတ–ဆေးကု + ခ + တိ–၏= တိတိက္ခတိ–ဆေးကု၏။ |
| ၃။ ဓာတ်+ခဆသ(တုမိစ္ဆတ္ထ)+တိစသည့်ဝိဘတ် | ဘုဇ–စား+ ခ–လိုချင် + တိ–၏= ဗုဘုက္ခတိ–စားခြင်းငှါအလိုရှိ၏၊ စားလို၏။ |
| ၄။ ဓာတ်+ကာရိတ်+တိစသည်ဝိဘတ် | ပစ–ချက်+ ဏေ–စေ+ တိ–၏= ပါစေတိ–ချက်စေ၏။ |
| ၅။ နာမ်ပုဒ်+အာယ,အာရ,အာလ(ကတ္တုပမာနအစာရ)တိစသည်ဝိဘတ် | ပဗ္ဗတ–တောင် + အာယ–ကဲ့သို့ပြုကျင့် + တိ–၏= ပဗ္ဗတာယတိ–တောင်ကဲ့သို့ပြုကျင့်၏။ |
| ၆။ နာပုဒ်+ဤယ(ကံဥပမာန)တိစသည် | ဆတ္တ–ထီး + ဤယ–ကဲ့သို့ပြုကဲ့ + တိ–၏= ဆတ္တီယတိ–ထီးကဲ့သို့ပြုကျင့်၏။ |
| ၇။ နာမ်ပုဒ်+ဤယ(အတိစ္ဆတ္ထ)တိစသည် | ပတ္တ–သပိတ် + ဤယ–မိမိဖို့လိုချင် + တိ–၏= ပတ္တီယတိ–မိမိဖို့လိုချင်၏။ |

| အာချာတ်ကံဟောကြိယာတည်ဆောက်ပုံ | ပုံစံများ |
|---|---|
| ၁။ ဓာတ်+(-ီ) ယပစ္စည်း+တိစသည့်ဝိဘတ် | ပစ–ချက် + -ီယ + တိ–၏= ပစီယတိ–ချက်အပ်၏။ |

| အာချာတ်ကာရိက်ကတ္တားဟောကြိယာတည်ဆောက်ပုံ | ပုံစံများ |
|---|---|
| ၁။ ဓာတ်+ဏာပေ+တိစသည့်ဝိဘတ် | ပစ–ချက် + –ာပေ + တိ–၏= ပါစာပေတိ–ချက်စေ၏။ |

| အာချာတ်ကာရိက်ကံဟောကြိယာတည်ဆောက်ပုံ | ပုံစံများ |
|---|---|
| ၁။ ဓာတ်+ဏာပေ+(-ီ) ယပစ္စည်း+တိစသည့်ဝိဘတ် | ပစ–ချက် + ာပေ + -ီယ + တိ–၏= ပါစာပီယတိ–ချက်စေအပ်၏။ |

## ဂိုဏ်းမှတ်ဆက်ပုံ

| ဂိုဏ်း | ပစ္စည်း | ပုဒ်ခွဲ | ပုဒ်ပြီး | သုတ်စဉ် |
|---|---|---|---|---|
| ၁။ ဘူဝါဒိ | အ | ပစ+ ၊ + တိ = | ပစတိ-ချက်၏။ | ဘူဝါဒိတော အ။ |
| ၂။ ရုဓာဒိ | ံ အ | ဘုဇ + ံ ၊ + တိ = | ဘုဉ္ဇတိ-စား၏။ | ရုဓာဒိတော နိဂ္ဂဟီတ ပုဗ္ဗဉ္စ။ |
| ၃။ ဒိဝါဒိ | ယ | ပဒ + ယ + တိ = | ပဇ္ဇတိ-သွား၏။ | ဒိဝါဒိတော ယော။ |
| | | နှာ + ယ + တိ = | နှာယတိ-ရေချိုး၏။ | |
| ၄။ သွာဒိ | ဏု,ဏာ,ဥဏာ | သု+ဏု,ဏာ,+တိ= | သုဏောတိ,သုဏာတိ-ကြား၏။ | သွာဒိတော ဏုဏာ ဥဏာ စ။ |
| | | ပ+အပ+ဥဏာ+တိ= | ပါပုဏာတိ-ရောက်၏။ | |
| ၅။ ကိယာဒိ | နာ(ဏာ) | ကီ+ဏာ+တိ | ကိဏာတိ-ဝယ်၏ | ကိယာဒိတော နာ။ |
| ၆။ ဂဟာဒိ | ပ္ပ,ဏှာ | ဂဟ+ပ္ပ,ဏှာ+တိ= | ဃေပ္ပတိ,ဂဏှာတိ-ယူ၏။ | ဂဟာဒိတော ပ္ပ ဏှာ။ |
| ၇။ တနာဒိ | ဩ, ယိရ | တန+ဩ+တိ= | တနောတိ-ချဲ့ထွင်၏။ | တနာဒိတော ဩ ယိရာ။ |
| | | ကရ+ယိရ+တိ= | ကယိရတိ-ပြု၏။ | |
| ၈။ စုရာဒိ | ဏေ, ဏယ | စုရ+ဏေ,ဏယ | စောရေတိ,စောရယတိ-ခိုး၏။ | စုရာဒိတော ဏေ ဏယာ။ |

(ပါဠိသဒ္ဒါပို့ချချက် ၃၁၉-၃၃၀)

♣ စုရာဒိ ဏေ, ဏယ-ကို ဘော,ကံ,ကတ္တား အနက်သုံးမျိုး၌ သက်ပြီး ကျန်ဂိုဏ်းမှတ်များကိုကား ကတ္တုရုပ်၌သာ သက်သည်။

# ဓာတ်များသည် ဂိုဏ်းကွဲက အဓိပ္ပါယ်ကွဲပုံ

**ရုစ**

* ဘူ=ဒိတ္တိယံ–ထွန်းပတင့်တယ်ထင်ရှားခြင်း၌

* ဘူ+စု+ဒိ=ရောစနေ–နှစ်သက်ခြင်း၌
ရောစတိ၊ရောစေတိ၊ရောစယတိ၊ရုစ္စတိ

* အာပုဗ္ဗော စု=အာစိက္ခနေ–ပြောကြားခြင်း၌
အာရောစေတိ၊ အာရောစယတိ။

**သု**

* ဘူ=သန္ဒန ဇနန ဣဿရေသု–စီးသွားခြင်း,ဖြစ်စေခြင်း,
အစိုးရခြင်းတို့၌။ သဝတိ။
ဝိပုဗ္ဗော–ဝိချာတေ–ထင်ရှားကျော်ဇောခြင်း၌။
ဝိသုတ(တိ) ထင်ရှားကျော်ဇောသော

* သွာ=သန္ဓာန မထန နှာန သဝဏေသု–စပ်ခြင်း,
မွှေနှောက်ခြင်း ရေချိုးခြင်း ကြားနာ နားထောင်ခြင်း
တို့၌။ သုဏောတိ၊ သုဏာတိ၊ သုဏုတေ။

* ကီ=ဟိံသာယံ–ညှဉ်းပန်းနှိက်စက်ခြင်း၌။ သုနာတိ။

**ဝိဒ**

* ဘူ=ဉာဏမလေ့ျ–သိခြင်း,မကောင်းသည်ကိုပယ်ခြင်း
(ကောင်းမွန်စင်ကြယ်ခြင်း)၌။ ဝိဒတိ။

* ဒိ=ဘာဝေ–ဖြစ်ခြင်း(ရှိခြင်း)၌။ ဝိဇ္ဇတိ။

* ရု=ဝီမံသန လာဘ တုဋ္ဌီသု–စုံစမ်းခြင်း ဆင်ခြင်ခြင်း ရခြင်း
နှစ်သက်ခြင်းတို့၌။ ဝိန္ဒတိ။

* စု=အနုဘဝန နိဝါသာချာန ထေရိယေသု–ခံစားသုံးဆောင်ခြင်း,
နေခြင်း, ပြောဆိုခြင်း, မြဲမြံခိုင်ခံ့ခြင်းတို့၌။
ဝေဒေတိ၊ ဝေဒယတိ။

**တနု**

* တနာ=ဝိတ္ထာရေ–ချဲ့ထွင်ခြင်း၌

* ဘူ+စု=ဥပကာရ သဒ္ဒါဃာတေသု–ကျေးဇူးပြုခြင်း
သဒ္ဒါတရားကိုဖျက်ခြင်းတို့၌။ ဥပတာပ ရဝေသု စ–
ပူပန်စေခြင်း အသံပြုခြင်းတို့၌လည်း။ တနောတိ၊ တနုတေ၊
တနတိ၊ တာနေတိ၊ တာနယတိ။

(တိပိဋကအဘိဓာန်အဖွင့်)

♣ ဂိုဏ်းမှတ်ပစ္စည်း မပါသည့် ကမ္မ,ကာရိက် ရုပ်ဖြစ်က ဂိုဏ်းမကွဲ၍ မည့်သည့်အဓိပ္ပါယ်နှင့်မဆို ဘာသာပြန်နိုင်သည်။
ဆိုလိုသည့် အဓိပ္ပါယ်အရ ဂိုဏ်းကို သတ်မှတ်နိုင်သည်။

# ကာရိုက်ကြိယာ (Causative Verb)

မစိုးရိမ်ပါဠိသဒ္ဒါ ၂၅၀–၂၅၈

လယ်တီပဒမာလာ ပတွဲ

ဥ,ဦ=ဏေ,ဏယ

ဣ,ဤ,အာ,ဩ,ဧ+စုရာဒိ=ဏာပေ,ဏာပယ

အနေကဿရ, နာမဓာတ်=ဏေ,ဏယ,ဏာပေ,ဏာပယ

| | ကာရိုက်ကတ္တားဟော ကြိယာ | ကာရိုက်ကံဟောကြိယာ |
|---|---|---|
| ဥ | သု+ဏေ+တိ=သာဝေတိ (ကြားစေ၏) | သု+ဏေ+(ီ/ိ)ယ+တိ=သာဝီယတိ/ သာဝိယတိ/ သာဝိယျတိ(ကြားစေအပ်၏) |
| | သု+ဏယ+တိ=သာဝယတိ | သု+ဏယ+(ီ/ိ)ယ+တိ=သာဝယီယတိ/ သာဝယိယတိ/ သာဝယီယျတိ |
| ဦ | ဘူ+ဏေ+တိ+= ဘာဝေတိ (ဖြစ်စေ၏/ ပွား၏) | ဘူ+ဏေ+(ီ/ိ)ယ=ဘာဝီယတိ/ ဘာဝိယတိ/ ဘာဝိယျတိ (ဖြစ်စေအပ်၏/ ပွားအပ်၏) |
| | ဘူ+ဏယ+တိ= ဘာဝယတိ | ဘူ+ဏယ+ (ီ/ိ)ယ=ဘာဝယီယတိ/ ဘာဝယိယတိ/ ဘာဝယိယျတိ |

♣ သုဒ္ဓကတ္တုမဟုတ်၍ ဂိုဏ်းစောင့်ပစ္စည်း သက်ရန်မလို။ (လယ်တီပဒမာလာ ၁၃၇၉)

| | ကာရိုက်ကတ္တားဟော ကြိယာ | ကာရိုက်ကံဟောကြိယာ |
|---|---|---|
| ဣ | ဇိ+ဏာပေ+တိ= ဇယာပေတိ | ဇိ+ဏာပေ+(ီ/ိ)ယ+တိ= ဇယာပီယတိ / ဇယာပိယတိ |
| | ဇိ+ဏာပယ+တိ= ဇယာပယတိ | ဇိ+ဏာပယ(ီ/ိ)ယ+တိ= ဇယာပယီယတိ / ဇယာပယိယတိ |
| ဤ | နီ+ဏာပေ+တိ= နယာပေတိ | နီ+ဏာပေ+(ီ/ိ)ယ+တိ= နယာပီယတိ / နယာပိယတိ |
| | နီ+ဏာပယ+တိ= နယာပယတိ | နီ+ဏာပယ(ီ/ိ)ယ+တိ= နယာပယီယတိ / နယာပယိယတိ |
| အာ | ဉာ+ဏာပေ+တိ= ဉာပေတိ | ဉာ+ဏာပေ+(ီ/ိ)ယ+တိ= ဉာပီယတိ / ဉာပိယတိ |
| | ဉာ+ဏာပယ+တိ= ဉာပယတိ | ဉာ+ဏာပယ(ီ/ိ)ယ+တိ= ဉာပယီယတိ / ဉာပယိယတိ |
| ဩ | သော+ဏာပေ+တိ= ပရိယောသာပေတိ | သော+ဏာပေ+(ီ/ိ)ယ+တိ= ပရိယောသာပီယတိ / ပရိယောသာပိယတိ |
| | သော+ဏာပယ+တိ= ပရိယောသာပယတိ | သော+ဏာပယ(ီ/ိ)ယ+တိ= ပရိယောသာပယီယတိ / ပရိယောသာပယိယတိ |
| ဧ | ဈေ+ဏာပေ+တိ= ဈာပေတိ | ဈေ+ဏာပေ+(ီ/ိ)ယ+တိ= ဈာပီယတိ / ဈာပိယတိ |
| | ဈေ+ဏာပယ+တိ= ဈာပယတိ | ဈေ+ဏာပယ(ီ/ိ)ယ+တိ= ဈာပယီယတိ / ဈာပယိယတိ |
| စုရ | စုရ+ဏာပေ+တိ= စောရာပေတိ | စုရ+ဏာပေ+(ီ/ိ)ယ+တိ= စောရာပီယတိ / စောရာပိယတိ |
| | စုရ+ဏာပယ+တိ= စောရာပယတိ | စုရ+ဏာပယ(ီ/ိ)ယ+တိ= စောရာပယီယတိ / စောရပယိယတိ |

♣ ဣကို ဧ, ဧကို အယပြုပြီးသော သိ,နီစသောဓာတ် စသည်ဖြင့်ပြီးသော အာချာတ်ကြိယာမျိုး၌ ဝုဒ္ဓိနှစ်ခါဆင့် ပြုရိုး မရှိ။ ထို့ကြောင့် သယာပေတိ၊နယာပေတိ၊ဇယာပေတိ စသည်ဖြင့်ရှိနိုင်၏၊ သာယာပေတိ၊ နာယာပေတိ–စသည်ဖြင့် မရှိနိုင်။

(မစိုးရိမ်ပါဠိသဒ္ဒါ ၂၅၁)

♣ ရူပသိဒ္ဓိ၌ ဧကို အာယ တခါတည်းပြု၍ သာယာပေတိ ရုပ်ကို ပြသည်။ (နှာ ၃၃၄)

♣ ကံဟောကာရိတ်ကြိယာ၌ ကာရိတ်ပစ္စည်းအစုံသက်လေ့မရှိ။ ဏေ,ဏာပေ ပစ္စည်းကိုသာ အသုံးများသည်။

| | ကာရိုက်ကတ္တားဟော ကြိယာ | ကာရိုက်ကံဟောကြိယာ |
|---|---|---|
| အနေကာသရ | ပစ+ဏေ+တိ+= ပါစေတိ (ချက်စေ၏) | ပစ+ဏေ+(ီ/ိ)ယ=ပါစီယတိ / ပါစိယတိ (ချက်စေအပ်၏) |
| | ပစ+ဏယ+တိ= ပါစယတိ | ပစ+ဏယ+ (ီ/ိ)ယ=ပါစယီယတိ / ပါစယိယတိ |
| | ပစ+ဏာပေ+တိ= ပါစာပေတိ | ပစ+ဏာပေ+(ီ/ိ)ယ+တိ= ပါစာပီယတိ / ပါစာပိယတိ |
| | ပစ+ဏာပယ+တိ= ပါစာပယတိ | ပစ+ဏာပယ(ီ/ိ)ယ+တိ= ပါစာပယီယတိ / ပါစာပယိယတိ |
| | ကရ+ဏေ+တိ+= ကာရေတိ (ပြုစေ၏) | ကရ+ဏေ+(ီ/ိ)ယ=ကာရီယတိ / ကာရိယတိ (ပြုစေအပ်၏) |
| | ကရ+ဏယ+တိ= ကာရယတိ | ကရ+ဏယ+ (ီ/ိ)ယ=ကာရယီယတိ / ကာရယိယတိ |
| | ကရ+ဏာပေ+တိ= ကာရာပေတိ | ကရ+ဏာပေ+(ီ/ိ)ယ+တိ= ကာရာပီယတိ / ကာရာပိယတိ |
| | ကရ+ဏာပယ+တိ= ကာရာပယတိ | ကရ+ဏာပယ(ီ/ိ)ယ+တိ= ကာရာပယီယတိ / ကာရာပယိယတိ |
| နာမဓာတ် | သုခ+ဏေ+တိ+= သုခေတိ (ချမ်းသာစေ၏) | သုခ+ဏေ+(ီ/ိ)ယ=သုခီယတိ / သုခိယတိ (ချမ်းသာစေအပ်၏) |
| | သုခ+ဏယ+တိ= သုခယတိ | သုခ+ဏယ+ (ီ/ိ)ယ=သုခယီယတိ / သုခယိယတိ |
| | သုခ+ဏာပေ+တိ= သုခါပေတိ | သုခ+ဏာပေ+(ီ/ိ)ယ+တိ= သုခါပီယတိ / သုခါပိယတိ |
| | သုခ+ဏပယ+တိ= သုခါပယတိ | သုခ+ဏာပယ(ီ/ိ)ယ+တိ= သုခါပယီယတိ / သုခါပယိယတိ |
| | ဒုက္ခ+ဏေ+တိ+= ဒုက္ခေတိ(ဆင်းရဲစေ၏) | ဒုက္ခ+ဏေ+(ီ/ိ)ယ=ဒုက္ခီယတိ / ဒုက္ခိယတိ |
| | ဒုက္ခ+ဏယ+တိ= ဒုက္ခယတိ | ဒုက္ခ+ဏယ+ (ီ/ိ)ယ=ဒုက္ခယီယတိ / ဒုက္ခယိယတိ |
| | ဒုက္ခ+ဏာပေ+တိ= ဒုက္ခာပေတိ | ဒုက္ခ+ဏာပေ+(ီ/ိ)ယ+တိ= ဒုက္ခာပီယတိ / ဒုက္ခာပိယတိ |
| | ဒုက္ခ+ဏာပယ+တိ= ဒုက္ခာပယတိ | ဒုက္ခ+ဏာပယ(ီ/ိ)ယ+တိ= ဒုက္ခာပယီယတိ / ဒုက္ခာပယိယတိ |

**သုဒ္ဓဝါကျ။** ဒါသော ဂါမံ ဂစ္ဆတိ။ ဒါသော–ကျွန်သည်၊ ဂါမံ–ရွာသို့၊ ဂစ္ဆတိ–သွား၏။

**ကာရိတ်ဝါကျ။** သာမိကော ဒါသံ ဂါမံ ဂမယတိ။ သာမိကော–သခင်သည်၊ ဒါသံ–ကျွန်ကို၊ ဂါမံ–ရွာသို့၊ ဂမယတိ–သွားစေ၏။

သာမိကော ဒါသံ / ဒါသေန / ဒါသဿ ဂါမံ ဂမယတိ။

သာမိကော–အရှင်သည်၊ ဒါသံ/ဒါသေန/ဒါသဿ–ကျွန်ကို၊ ဂါမံ–ရွာသို့၊ ဂမယတိ–သွားစေ၏။

သာမိကေန ဒါသော ဂါမံ ဂမာပီယတေ။ သာမိကေန–သခင်သည်၊ ဒါသော–ကျွန်ကို၊ ဂါမံ–ရွာသို့၊ ဂမာပီယတေ–သွားစေအပ်၏။

♣ ခိုင်းစေအမိန့်ပေးခြင်း ဓာတ်နောင် ကာရိတ်ပစ္စည်း သက်သည်ဖြစ်စေ မသက်သည်ဖြစ်စေ အဓိပ္ပါယ်မထူး။ (မစိုးရိမ်ပါဠိသဒ္ဒါ)

ပုံစံများ။ အာဏာပေတိ–ခိုင်းစေ၏၊ အမိန့်ပေး၏။ (အာဏ+ဏာပေ+တိ။ ကာရိတ်အာချာတ်ကြိယာ) အာဏ✔ဘူ+စု။ပေသနေ–စေခိုင်းခြင်း၌

အာဏတ္တံ–အမိန့်ပေးအပ်၏။ (အာဏ+တ။ ဤ၌ ကာရိတ်ပစ္စည်းမပါ, ကိတ်ကြိယာ)

ပါဟေသိ–စေလွှတ်ပြီ။ (ပ+ဟိ+ကာရိတ် ဏေ၊ ဦဝိဘတ်)

ပေသေတိ–စေလွှတ်၏။ ပေသ✔ စု–ပဋိုဟရဏေ–ရေးရှုဆောင်ခြင်း စေခိုင်းခြင်း၌။ ပေသေတိ၊ ပေသယတိ။

♣ ကာရိတ်၏ စေခိုင်းမှုလည်း အာဏတ္တိ, ပေသနပင်။ ပဉ္စမီ၏ စေခိုင်းမှုလည်း အာဏတ္တိ, ပေသနပင်။ ဒြပ်မျှကိုသာ တိုက်ရိုက်စေခိုင်းခြင်းသည် ပဉ္စမီ။ ကြိယာနှင့်တကွသော ဒြပ်ကို စေခိုင်းခြင်းကား ကာရိတ်ဟု ခွဲခြားကြသည်။ (လယ်တီပဒမာလာ ပ ၃၉၃)

တစ်ယောက်က တစ်ယောက်ကို တိုက်ရိုက်ရိုက်စေခိုင်းခြင်းသည် အာဏတ္တိ။ ပုံစံ — ဘဂဝါ ဓမ္မံ ဒေသေတု။ တစ်ယောက် တစ်ယောက်ကို စေခိုင်းသည့်အကြောင့် ပြောပြရာ၌ ကာရိတ်စေ သုံးသည်။ ပုံစံ — သာမိကော ဒါသံ ဂါမံ ဓမယတိ။ (ရူဘာဋီ ဒု ၄၀၈)

| | |
|---|---|
| သုဒ္ဓကတ္တုဝါကျ။ | ဗုဒ္ဓေါ ဓမ္မံ ဒေသေတိ။ |
| သုဒ္ဓကမ္မဝါကျ။ | ဗုဒ္ဓေန ဓမ္မော ဒေသီယတေ။ |

| | |
|---|---|
| သုဒ္ဓကတ္တုဝါကျ။ | ဒါသော ဂါမံ ဂစ္ဆတိ။ |
| ကာရိတ်ကတ္တုဝါကျ။ | သာမိကော ဒါသံ / ဒါသေန / ဒါသဿ ဂါမံ ဂမယတိ။ |
| ကာရိတ်ကမ္မဝါကျ။ | သာမိကေန ဒါသော ဂါမံ ဂမာပီယတေ။ (ကာရိတ်ကံဟော) (ပို့ချချက် ၂၆-၂၇) |
| | သာမိကေန ဒါသံ ဂါမော ဂမာပီယတေ။ (ဓာတ်ကံဟော) (ရူဘာဋီ ဒု ၃၉၆) |

ကာရိတ်နှစ်ချက်ဆင့်ဝါကျ။

အမစ္စော သာမိကံ ဒါသံ ဂါမံ ဂမယတိ။ (ဂမု+ဏေ+ဏယ+တိ) (ပထမကာရိတ်ကိုချေ)
အမတ်သည် သခင်ကို ကျွန်ကို ရွာသို့ သွားပစေဟု စေခိုင်း၏။
(ဂါမံသည် ဂမုဓာတ်၏ကံ၊ ဒါသံသည် ပထမကာရိတ်ကံ၊ သာမိကံသည် ဒုတိယကာရိတ်ကံ)
ကံဟောဝါကျ၌ ဒုတိယကာရိကံ သာမိက-သည် အခိုင်ခံရ၍ ဝုတ္တကံ ဖြစ်ရသည်။
အမစ္စေန သာမိကော ဒါသံ ဂါမံ ဂမယီယတေ-သွားပစေဟု စေခိုင်းအပ်၏။

ကာရိတ်သုံးချက်ဆင့်ဝါကျ။

ရာဇာ အမစ္စံ သာမိကံ ဒါသံ ဂါမံ ဂမာပေတိ။ (ဂမု+ဏေ+ဏယ+ဏာပေ+တိ) (ပ,ဒုကာရိတ်ကိုချေ)
မင်းသည် အမတ်ကို သခင်ကို ကျွန်ကို ရွာသို့ သွားပစေဟု စေခိုင်းစေ၏။
(ဂါမံသည် ဂမုဓာတ်၏ကံ၊ ဒါသံသည် ပထမကာရိတ်ကံ၊ သာမိကံသည် ဒုတိယကာရိတ်ကံ၊ အမစ္စံသည် တတိယကာရိတ်ကံ)
ကံဟောဝါကျ၌ ဒုတိယကာရိကံ အမစ္စ-သည် အခိုင်ခံရ၍ ဝုတ္တကံ ဖြစ်ရသည်။
ရညာ အမစ္စေန သာမိကံ ဒါသံ ဂါမံ ဂမာပီယတေ-သွားပစေဟု စေခိုင်းစေအပ်၏။ ကာရိတ်အဝုတ္တကံ၌ ဒုတိယာဝိဘတ်
တတိယာဝိဘတ်လည်း ရှိနိုင်သည်။ (ရူဘာဋီ ဒု ၄၀၇)

## အကမ္မကဝါကျ

၁။ ဗုဒ္ဓေါ ဘဝတိ။ ၂။ ဓမ္မော တိဋ္ဌတိ။
၃။ ပုတ္တော သယတိ။ ၄။ ရာဇာ အဟောသိ။

## ကာရိတ်ကြောင့် ကံတခုပိုလာ

### အကမ္မကမှ သကမ္မကဖြစ်လာပုံ

သမဏော ဉာတ္တိံ ဌပေတိ။ သမဏော–ရဟန်းသည်၊ ဉာတ္တိံ–ဉတ်ကို၊ ဌပေတိ–တည်စေ၏၊ ထား၏။
မာတာ ပုတ္တံ သယာပေတိ။ ပုတ္တံ–သားကို၊ သယာပေတိ–အိပ်စေ၏၊ သိပ်၏။

### ဧကကမ္မမှ ဒွိကမ္မကဖြစ်လာ

ကညာ ပုရိသံ ဂါမံ ဂမယတိ။ ကညာ–သတို့သမီးသည်၊ ပုရိသံ–ယောကျာ်းကို၊ ဂါမံ–ရွာသို့၊ ဂမယတိ=သွားစေ၏။
တိဿော ဒေဝဒတ္တံ ဩဒနံ ပါစေတိ။ တိဿော–တိဿသည်၊ ဒေဝဒတ္တံ–ဒေဒတ်ကို၊ ဩဒနံ–ထမင်းကို၊ ပါစေတိ–ချက်စေ၏။

### ဒွိကမ္မကမှ တိကမ္မကဖြစ်လာ

သာမိကော အဇပါလံ အဇံ ဂါမံ နယာပေတိ။ သာမိကော–သခင်သည်၊ အဇပါလံ–ဆိတ်ကျောင်းသားကို၊ အဇ–ဆိတ်ကို၊ ဂါမံ–ရွာသို့၊ နယာပေတိ–ဆောင်စေ၏။
သာမိကော ဂေါပါလံ ဂါဝိံ ခီရံ ဒုဟာပေတိ။ သာမိကော–သခင်သည်၊ ဂေါပါလံ–နွားကျောင်းသားကို၊ ဂါဝိံ–နွားကို၊ ခီရံ–နို့ရည်ကို၊ ဒုဟာပေတိ–ညှစ်စေ၏။

(ရူပသိဒ္ဓိဘာဋီ ၃၄၉)

## ကိတ်ပစ္စည်းရေ့ ကာရိတ်ပစ္စည်းဆက်ပုံ

### ကိတ် ကာရိတ် ကတ္တားဟော အကူကြိယာ

ကာရေန္တော, ကာရယန္တော, ကာရာပေန္တော, ကာရာပယန္တော။
(ကရ+ဏေ,ဏယ,ဏာပေ,ဏာပယ+အန္တ) ပြုစေသည်ရှိသော်။ အန္တ–၌ လေးပစ္စည်းဆက်သည်။
ကာရယမာနော, ကာရာပယမာနော။ (ကရ+ဏယ,ဏာပယ+မာန) ပြုစေသည်ရှိသော်။ မာန–၌ ဏာ, ဏာပယ နှစ်ပစ္စည်း ဆက်လေ့ရှိသည်။
ကာရေတွာ, ကာရေတွာန၊ ကာရိယိတွာ, ကာရိယိတွာန, ကာရာပေတွာ, ကာရာပေတွာန၊ ကာရာပယိတွာ, ကာရာပယိတွာန။
(ကရ+ဏေ,ဏယ,ဏာပေ,ဏာပယ+တွာ,တွာန) ပြုစေ၍, အပြုခိုင်း၍
ကာရေတုံ, ကာရယိတုံ, ကာရာပေတုံ, ကာရာပယိတုံ။
(ကရ+ဏေ,ဏယ,ဏာပေ,ဏာပယ+တုံ) ပြုစေခြင်းငှါ။ တွာ,တွာန,တုံ–၌ လေးပစ္စည်း ဆက်သည်။
ကာရာပနတ္ထံ, ကာရာပနတ္ထာယ။ (ကရ+ဏာပေ+ယု+အတ္ထံ,အတ္ထာယ)ပြုစေခြင်းအကျိုးငှာ။ ယု–၌ ဏာပေ ကိုသာ ဆက်လေ့ရှိသည်။

### ကိတ် ကာရိတ် ကံဟောကြိယာ

ကာရိတံ, ကာရာပိတံ (ကရ+ဏေ,ဏာပေ+တ) ပြုစေအပ်၏။ တ–၌ ဏေ,ဏာပေ–သာ ဆက်လေ့ရှိသည်။
ကာရေတဗ္ဗံ,ကာရယိတဗ္ဗံ,ကာရာပေတဗ္ဗံ,ကာရာပယိတဗ္ဗံ–ပြုစေအပ်၏။ တဗ္ဗ–၌ လေးပစ္စည်း ဆက်လေ့သည်။
ကာရာပဏီယံ (ကရ+ဏာပေ+အနီယ) ပြုစေအပ်၏။ အနီယ–၌ ဏာပေ ပစ္စည်းသာ ဆက်လေ့ရှိသည်။

### ကိတ် ကာရိတ် ကံဟော အကူကြိယာ

ကာရိယန္တော,ကာရာပိယန္တေ၊ကာရိယမာနော,ကာရာပိယမာနော။
(ကရ+ယ+ဏေ,ဏာပယ+အန္တ,မာန) ပြုစေအပ်သော။ ကံဟော အန္တ,မာန၌ ဏေနှင် ဏာပယ သာ ဆက်လေ့ရှိသည်။

# ကြိယာဝိသေသန

ပါဠိဖြေနည်း နိသျည်း စာမျက်နှာ ၄၄

၁။ **ဒုတိယန္တ**၊ အံ ယော၊ စွာအောင်၊ ညီညီညွတ်ညွတ် (နှစ်ချက်ဆင့်) အညီအညွတ် (အထည့်) တညီတညွတ် (တထည့်)

ပုံစံ။ ဘိက္ခုသာမဏေရာ စီဝရံ ပရိမဏ္ဍလံ နိဝါသေန္တိ။
ရဟန်းသာမဏေများ သင်္ကန်းကို ဝိုင်းဝန်းစွာ / ဝိုင်းဝန်းအောင် / ဝိုင်းဝိုင်းဝန်းဝန်း ဝတ်ကြသည်။

၂။ **တတိယန္တ**၊ နာ ဟိ၊ အားဖြင့်၊ သဖြင့်

ပုံစံ။ ဘိက္ခုသာမဏေရာ စီဝရံ ပရိမဏ္ဍလေန နိဝါသေန္တိ။
ရဟန်းသာမဏေများ သင်္ကန်းကို ညီဘွန်သဖြင့် / အညီအညွတ်အားဖြင့် ဝတ်ကြကုန်၏။

၃။ **တောပစ္စယန္တ**၊ –တော၊ အားဖြင့်

ပုံစံ။ ကိလေသာ အနဝသေသတော ဝိဂတာ။
ကိလေသာများ အကြွင်းမရှိသောအားဖြင့် (အကြွင့်မဲ့) ကင်းကုန်ပြီ။

၄။ **ကြိယာပဝဂ္ဂ**၊ နာ ဟိ၊ ကာလပြစကားလုံးနောက်ကဆက်လျှင် ဖြင့် /နဲ့ ဟု ဘာသာပြန်၊
စိရကာလ–ကြာချိန်ပြနောက်က ဆက်လျှင် ကြာမှ–ဟု ဘာသာပြန်

ပုံစံ။ သော ဧကာဟေန ပါယာသိ။ သူ တရက်တည်းဖြင့် အရောက်သွားပြီ။
သော ဆဟိ မာသေဟိ ကမ္မံ နိဋ္ဌာပေသိ။ သူ ၆–လကြာမှ အလုပ်ကို ပြီးစေသည် (အဆုံးသတ်၏)

၅။ **တွာပစ္စယန္တ**၊ တွာ၊ တွာန၊ တုန။ ၍ ၊ လျှင်၊ လျက်၊ ရင်း

ပုံစံ။ အဟံ ဘုဉ္ဇိတွာ ဟသာမိ။ ငါ စားပြီး၍ ရယ်၏။

၆။ **တုံအာဒိပစ္စယန္တ**၊ တုံ၊ တဝေ၊ တာယေ၊ တုယေ။ ဘို့၊ ရန်၊ ဘို့ရန်၊ ဘို့ရာ၊ ခြင်းငှာ

ပုံစံ။ အဟံ ဝသိတုံ ဘုဉ္ဇာမိ။ ငါ နေရန် စား၏။

၇။ **တုလျာဓိကရဏ**၊ ပထမာ သိ ယော၊ ၍၊ ဖြစ်၍၊ ဖြစ်ကာ၊ လျက်၊ ဖြစ်လျက်၊ ဖြစ်လျှင်

ပုံစံ။ အဟံ ဆာတော ဘုဉ္ဇာမိ၊ ငါ ဆာ၍ စား၏။

ရံခါ — သော်၊ လတ်သော်၊ သည်ရှိသော်၊ လျှင်၊ က–ဟု ဘာသာပြန်

ပုံစံ။ အဟံ ဂတော ပဿေယျံ။ ငါ သွားသော် တွေ့ရာ၏။

ရံခါ — နေစဉ်၊ နေတုန်း၊ နေခိုက်၊ နေရင်း နေလျက်–ဟု ဘာသာပြန်

ပုံစံ။ အဟံ ဘုဉ္ဇန္တော ကထေမိ။ ငါ စားနေရင်း ပြော၏။

## နာမဝိသေသန

| | |
|---|---|
| ၁။ တုလျာဓိကရဏ | ၅။ အင်္ဂဝိကာရ |
| ၂။ ဘိန္နာဓိကရဏ | ၆။ ဣတ္ထမ္ဘူတ |
| ၃။ အဘိန္နာဓိကရဏ | ၇။ ကာရက နာမဝိသေသသန |
| ၄။ သရူပဒဿန | |

(ပါဠိပြုနည်း နိသျည်း ၄၀-၄၂)

၁။ တုလျာဓိကရဏ = ဝိသေသျနှင့် ဝိဘတ်တူ အရတူ ဝိသေသန

ပုံစံ - **မဟန္တော ပုရိသော** အာဂစ္ဆတိ။ မြတ်သော ယောကျ်ား လာ၏။

၂။ ဘိန္နာဓိကရဏ = ဝိသေသျနှင့် အရမတူ ဝိဘတ်မတူ ဝိသေသန

ပုံစံ — ဗုဒ္ဓေါ **ဂေါတ္တေန** ဂေါတမော နာမ။ ဘုရားသည် အနွယ်အားဖြင့် ဂေါတမမည်၏။ (တတိယာဖြင့်ရေး)

၃။ အဘိန္နာဓိကရဏ = ဝိသေသျနှင့် အရမပြား ဝိသေသန

ပုံစံ - အဘိဓမ္မတ္ထာ **ပရမတ္ထတော** စတုဓာ။ အဘိဓမ္မတ္ထတို့သည် ပရမတ္ထအားဖြင့် လေးပါးပြားကုန်၏။

(တတိယာဝိဘတ်, တော ပစ္စည်ဖြင့်ရေး)

၄။ သရူပဒဿန = ဝိသေသျ၏ သရုပ်ကိုပြသော ဝိသေသန

ပုံစံ – မဟဂ္ဂတဝိပါကာနိ ပဋိသန္ဓိဘဝင်္ဂစုတိ**ဝသေန** တိကိစ္စာနိ။ (တတိယာ, တော ဖြင့်ရေး)
မဟဂ္ဂုတ်ဝိပါက်စိတ်တို့သည် ပဋိသန္ဓိဘဝင်စုတိတို့၏အစွမ်းအားဖြင့် သုံးကိစ္စရှိကုန်၏။

၅။ အင်္ဂဝိကာရ – ချွတ်ယွင်းသော အင်္ဂါအစိတ်အပိုင်းတို့ဖြင့် အထူးပြုသော ဝိသေသန
ပုံစံ — **အက္ခိနာ** ကာဏော မနုဿော အာဂစ္ဆတိ။ မျက်စိဖြင့် ကဏ်းသော (မျက်စိကန်းနဲ့) လူ လာ၏။
(တတိယာ, တော ဖြင့်ရေး)

၆။ ဣတ္ထမ္ဘူတ = ထူးခြားသာ အရာဝတ္ထုဖြင့် အထူးပြုသော ဝိသေသန

ပုံစံ — **အလ္လကေသေန** မနုဿော အာဂစ္ဆတိ။ စိုသောဆံပင်ဖြင့် (ဆံပင်စိုနဲ့) လူ လာ၏။ (တတိယာ,တော ဖြင့်ရေး)

၇။ ကာရက နာမဝိသေသသန = ကာရကဖြစ်လျက် အထူးပြုသော ဝိသေသန

(က) သမ္ပဒါနကာရက ။ ပုံစံ — မမ **အတ္တာယ** စီဝရံ သုန္ဒရံ။
(ငါ့အတွက် ငါ့အကျိုးငှါယက်အပ်သော) သင်္ကန်းသည် ကောင်း၏။
(ခ) အပါဒါနကာရက ။ ပုံစံ — မြောင်းမြ **နဂရတော** မနုဿော ဘာသတိ။
မြောင်းမြမြို့မှ လာသော သူ (မြောင်းမြကလူ) ပြော၏။
(ဂ) အာဓာရကာရက။ ပုံစံ –ပုံစံ — မြောင်းမြ **နဂရသ္မိံ** မနုဿော ဘာသတိ။
မြောင်းမြမြို့၌နေသော သူ (မြောင်းမြကလူ) ပြော၏။

ဓာတ် + ပစ္စည်း +

| | | | |
|---|---|---|---|
| | ပစ္စုပ္ပန် (၏/သည်) | | |
| ဝတ္တမာန် | တိ | န္တိ | |
| | သိ | ထ | |
| | မိ | မ | |
| | အတိတ် (ခဲ့သည်/ပြီ) | | |
| အဇ္ဇတ္တနီ | ီ | ုံ | |
| | ေ–ါ | တ္ထ | |
| | ိံ | မှာ | |
| | အနာဂတ် (မည်/လတ့်) | | |
| ဘဝိဿန္တိ | (ဿ)တိ | (ဿ)န္တိ | |
| | (ဿ)သိ | (ဿ)ထ | |
| | (ဿာ)မိ | (ဿာ)မ | |
| | ဆုတောင်း/ဆုပေး/ခိုင်း | | |
| ပဉ္စမီ | တု | န္တု | |
| | ဟိ | ထ | |
| | မိ | မ | |

ဓာတ် + ပစ္စည်း + နာမ်ဝိဘတ်

⇩

| | | |
|---|---|---|
| ကာလသုံးပါး | အ၊ ဏ၊ ယု၊ | ၇–ပါး |
| | တ၊ | ဘော ကံ ကတ္တား အာခ်ာရ(အတိတ်များ) |
| | တိ၊ | ဘော ကံ ကရဏ |
| | တု၊ ရု၊ရူ၊ ဏု၊ဏူ | တဿီလ ကတ္တား |
| | ဏီ၊ အာဝီ၊ | တဿီလ အတ္တမာနီ ကတ္တား |
| | ကွိ၊ | ကတ္တား အဓိကရဏ |
| ပစ္စုပ္ပန် | မာန၊ | ကတ္တား |
| | အန္တ၊ | ကတ္တား၊ ဘော၊ ကံ၊ |
| အတိတ် | တဝန္တု၊ တာဝီ | ကတ္တား |
| | တုန၊တွာန၊တွာ | ကတ္တား၊ ဘော၊ |
| အနာဂတ် | တာယေ၊တုံ၊တဝေ၊တုယေ | ဘော |
| | တုန၊တွာန၊တွာ | ကတ္တား၊ ဘော၊ |
| | ဏိ၊ဏီ၊ဏွု၊တု | တဿီလကတ္တား |

## အာချာတ်ပုဒ်

ဓာတ် + ကာလ { ပန် / တီ / နှာ } + ကာရက { ကတ္တား / ကံ / ဘော }

## ကိတ်ပုဒ်

ဓာတ် + ကာလ { ပန် / တီ / နှာ } + သာဓနေ { ကတ္တု=တတ် / ကမ္မ=အပ် / ကရဏ=ကြောင်း / သမ္ပဒါန=ရာ / အပါဒါန=ရာ / အဓိကရဏ=ရာ / ဘာဝ=ခြင်း }

| | | |
|---|---|---|
| ဗုဇ္ဈတီတိ ဗုဒ္ဓေါ။ | ဗုဇ္ဈတိ=ဗုဓ+ယ+တိ၊ သိ၏။ | ဗုဒ္ဓေါ=ဗုဒ+တ+သိ၊ သိသူ |
| အဗုဇ္ဈီတိ ဗုဒ္ဓေါ။ | အဗုဇ္ဈီ=(အ)ဗုဓ+ယ+ဤ၊ သိခဲ့၏(သိပြီ) | ဗုဒ္ဓေါ=ဗုဓ+တ+သိ၊ သိခဲ့သူ |
| ဗုဇ္ဈိဿတီတိ ဗုဒ္ဓေါ။ | ဗုဇ္ဈိဿတိ=ဗုဓ+ယ+(ဣ)ဿတိ၊ သိလတံ့ | ဗုဒ္ဓေါ=ဗုဓ+တ+သိ၊ သိလတံ့သူ |
| ကုမ္ဘံ ကရောတီတိ ကုမ္ဘကာရော။ | ကရောတိ=ကရ+ဩ+တိ၊ ပြု၏။ | ကာရော=ကရ+ဏ+သိ၊ ပြုသူ |
| ကုမ္ဘံ အကာသီတိ ကုမ္ဘကာရော။ | အကာသိ=ကရ+ဩ+ဤ၊ ပြုခဲ့၏(ပြုပြီ) | ကာရော=ကရ+ဏ+သိ၊ ပြုခဲ့သူ |
| ကုမ္ဘံ ကရိဿတီတိ ကုမ္ဘကာရော။ | ကရိဿတိ=ကရ+ဩ+(ဣ)ဿတိ၊ ပြု၏။ | ကာရော=ကရ+ဏ+သိ၊ ပြုလတံ့သူ |

♣ ယောဘဂဝါ–အကြင်မြတ်စွာဘုရားသည်၊ သဗ္ဗဓမ္မေ–အလုံးစုံသောတရားတို့ကို၊ ဗုဇ္ဈတိ–သိတောမူဆဲ၊ အဗုဇ္ဈိ–သိတော်မူပြီ၊ ဗုဇ္ဈိဿတိ–သိတော်မူလတ့ံ၊ ဣတိ–ထို့ကြောင့်၊ သောဘဂဝါ–ထိုမြတ်စွာဘုရားသည်၊ ဗုဒ္ဓေါ–ဗုဒ္ဓမည်တော်မူ၏။ကုမ္ဘံ–အိုးကို၊ ကရောတိ–ပြုဆဲ / အကာသိ–ပြုပြီ / ကရိဿတိ–ပြုလတ့ံ၊ ဣတိ–ထို့ကြောင့်၊ ကုမ္ဘကာရော–ကုမ္ဘကာရမည်၏။ ကုမ္ဘကာရော–အိုးလုပ်သမား။

| | | |
|---|---|---|
| ဥပ္ပဇ္ဇတီတိ ဥပ္ပါဒေါ။ | ဥပ္ပဇ္ဇတိ=ဥ–ပဒ+ယ+တိ၊ ဖြစ်၏။ | ဥပ္ပါဒေါ=ဥ–ပဒ+ဏ+သိ၊ ဖြစ်တတ်သောတရား |
| ဖုသတီတိ ဖဿော။ | ဖုသတိ=ဖုသ+အ+တိ၊ တွေ့ထိ၏။ | ဖဿော=ဖုသ+ဏ+သိ၊ တွေ့ထိတတ်သောတရား |
| ဓာရေတီတိ ဓမ္မော။ | ဓာရေတိ=ဓရ+ဏေ+တိ၊ ဆောင်၏။ | ဓမ္မော=ဓရ+ရမ္မ+သိ၊ ဆောင်တတ်သောတရား |

| | | |
|---|---|---|
| ဖုသတီတိ ဖဿော။ | ဖုသတိ=ဖုသ+အ+တိ၊ တွေ့ထိ၏။ | ဖဿော=ဖုသ+ဏ+သိ၊ တွေ့ထိတတ်သောတရား |
| ဖုသန္တိ ဧတေနာတိ ဖဿော။ | ဖုသန္တိ=ဖုသ+အ+န္တိ၊ တွေ့ထိကုန်၏။ | ဖဿော=ဖုသ+ဏ+သိ၊ တွေ့ထိကြောင်းတတ်သောတရား |
| ဖုသနံ ဖဿော။ | ဖုသနံ=ဖုသ+ယု+ံ။ တွေ့ထိခြင်း | ဖဿော=ဖုသ+ဏ+သိ၊ တွေ့ထိခြင်း |
| ဝေဒေတီတိ ဝေဒနာ။ | ဝေဒတိ=ဝိဒ+ဏေ+တိ၊ ခံစား၏။ | ဝေဒနာ=ဝိဒ+ယု+သိ၊ ခံစားတတ်သောတရား |
| ဝိဟရန္တိ ဧတ္ထာတိ ဝိဟာရော။ | ဝိဟရန္တိ=ဝိ–ဟရ+အ+အန္တိ၊ နေကုန်၏။ | ဝိဟာရော=ဝိ–ဟရ+ဏ+သိ၊ နေရာကျောင်း |

ဝိညာဏာပေတီတိ ဝိညာဏာပေတာ။ ဝိညာပေတိ။ ဝိ–ဉာ+ဏာပေ+တိ။ သိစေတတ်၏။ ဝိညာပေတာ။ ဝိ–ဉာ+ဏာပေ+တု+သိ။ သိစေတတ်သူ

♣ ဥပ္ပဇ္ဇတိ–ဖြစ်တတ်၏၊ ဣတိ–ထို့ကြောင့်၊ ဥပ္ပါဒေါ–ဥပ္ပါဒမည်၏။ အာလမ္ဗံ–အာရုံကို၊ ဖုသတိ–တွေ့ထိတတ်၏၊ ဣတိ–ထို့ကြောင့်၊ ဖဿော–ဖဿမည်၏။ ဧတေန–ဤသဘောတရားဖြင့်၊ သမ္ပယုတ္တဓမ္မာ–ယှဉ်ဘက်စိတ်စေတသိက်သဘောတရားတို့သည်၊ အာလမ္ဗံ–အာရုံကို၊ ဖုသန္တိ–တွေ့ထိကုန်၏၊ ဣတိ–ထို့သို့ သမ္ပယုတ်တရားတို့၏ အာရုံကို ထိကြောင်း၏အဖြစ်ကြောင့်၊ သော–ထိုသဘောတရားသည်၊ ဖဿော–ဖဿမည်၏။ ဓာရေတိ–ကျင့်သောသတ္တဝါတို့ကို အပါယ်မကျအောင် ဆောင်တတ်၏၊ ဣတိ–ထို့ကြောင့်၊ ဓမ္မော–တရားမည်၏။ ဝေဒေတိ–ခံစားတတ်၏၊ ဣတိ–ထို့ကြောင့်၊ ဝေဒနာ–ဝေဒနာမည်၏။ ဧတ္ထ–ဤကျောင်းတိုက်၌၊ ဝိဟရန္တိ–နေကုန်၏၊ ဣတိ–ထိုသို့နေရာ၏အဖြစ်ကြောင့်၊ ဝိဟာရော–ဝိဟာရမည်၏။ ဝိညာပေတိ–သိစေတတ်၏၊ ဣတိ–ထို့ကြောင့်၊ ဝိညာပေတာ–ဝိညာပေတာမည်၏။

| | | |
|---|---|---|
| တိဋ္ဌန္တိ ဧတ္ထာတိ ဌာနံ။ | တိဋ္ဌန္တိ။ ဌာ+အ+အန္တိ။ တည်ကုန်၏။ | ဌာန=ဌာန+ယု+သိ။ တည်ရာဌာန |
| ဋ္ဌိတာ ဧတ္ထာတိ ဌာနံ။ | ဋ္ဌိတာ။ ဌာ+တ+ယော။ တည်ကုန်၏။ | ဌာန=ဌာ+ယု+သိ။ တည်ရာဌာန |
| ဒီယတေ အဿာတိ ဒါနီယော။ | ဒါ+(ီ)ယ+တေ။ ပေးအပ်၏။ | ဒါနီယော။ ဒါ+အနီယ+သိ။ ပေးလှူရာပုဂ္ဂိုလ် |
| ဒါတဗ္ဗော အဿာတိ ဒါနီယော။ | ဒါ+တဗ္ဗ+သိ။ ပေးအပ်၏။ | ဒါနီယော။ ဒါ+အနီယ+သိ။ ပေးရာပုဂ္ဂိုလ် |
| ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ ဧတသ္မာတိ ဘာဝေါ။ | ဘဝန္တိ။ ဘူ+အ+အန္တိ။ ဖြစ်ကုန်၏။ | ဘာဝေါ။ဘူ+ဏ+သိ။ အသိဉာဏ်သဒ္ဒါတို့၏ ဖြစ်ကြောင်းဖြစ်ရာဘော ဝါ သဒ္ဒပဝတ္တိနိမိတ် |
| ဘူတာ ဗုဒ္ဓိသဒ္ဒါ ဧတသ္မာတိ ဘာဝေါ။ | ဘူတာ။ ဘူ+တ+ယော။ | ဘာဝေါ။ ဘူ+ဏ+သိ။ |

♣ ဧတ္ထ–ဤဌာန၌၊ သတ္တာ–သတ္တဝါတို့သည်၊ တိဋ္ဌန္တိ/ဋ္ဌိတာ–တည်ကုန်၏၊ ဣတိ–ထိုသို့သတ္တဝါတို့တည်ရာဖြစ်သောကြောင့်၊ ဌာနံ–ဌာနမည်၏။ အဿ–ထိုသူ့အား၊ ဒီယတေ/ဒါတဗ္ဗော–ပေးအပ်၏၊ဣတိ–ထိုသို့ပေးရာဖြစ်သောကြောင့်၊ ဒါနီယော–ဒါနီယမည်၏။ ဧတသ္မာ–ဤအရာမှ၊ ဗုဒ္ဓိသဒ္ဒါ–အသိဉာဏ်သဒ္ဒါတို့သည်၊ ဘဝန္တိ/ဘူတာ–ဖြစ်ကုန်၏၊ ဣတိ–ထိုသို့ အသိညဉာဏ်သဒ္ဒါတို့ဖြစ်ရာဖြစ်သောကြောင့်၊ ဘာဝေါ–ဘာဝမည်၏။

သိက္ခန္တီတိ သေက္ခာ။ သိက္ခန္တိ။ သိက္ခ+အ+အန္တိ။ ကျင့်ကုန်ဆဲ။ သေက္ခာ=သိက္ခ+ဏ+ယော။ သေက္ခတို့ (သမ္မောဘာဋီ ၁၄)

ပရိသမန္တတော ရောဂဘယအန္တရာယေဟိ တာယတိ ရက္ခတီတိ ပရိတ္တံ။ တာ+ယ+တိ။ စောင့်ရှောက်တတ်၏။ ပရိတ္တ=ပရိ+တာ+သိ။

ပရိ(သမန္တတော)တာယတီတိ ပရိတ္တံ။ ထက်ဝန်းကျင်မှစောင့်ရှောက်တတ်သော အရံအကာ၊ ပရိတ်တော်။ (ပါဘာဋီပ ၁၉)

မဂ္ဂီယတီတိ မဂ္ဂေါ။ မဂ္ဂီယတိ။ မဂ္ဂ+(ဳ)ယ+တိ။ ရှာမှီးအပ်၏။ မဂ္ဂ။ မဂ္ဂ+(ကံဟော)အ+သိ။

မဂ္ဂတီတိ မဂ္ဂေါ။ မဂ္ဂတိ။ မဂ္ဂ+အ+တိ။ ရှာမှီးတတ်၏။ မဂ္ဂ။ မဂ္ဂ+(ကတ္တားဟော)အ+သိ။

တိသော-သုံးပါးကုန်သော၊ သိက္ခာ-သိက္ခာတို့ကို၊ သိက္ခန္တိ-ကျင့်ကုန်ဆဲ။ ဣတိ-ထို့ကြောင့်၊ သေက္ခာ-သေက္ခတို့မည်၏။ (သမ္မောဘာဋီ ၁၄)

ယံဓမ္မံ-အကြင်တရားတော်သည်၊ ပရိသမန္တတော-ထက်ဝန်းကျင်အားဖြင့်၊ ရောဂဘယအန္တရာယေဟိ-ရောဂါ, ဘေး, အန္တရာယ်တို့မှ၊ တာယတိ ရက္ခတိ-စောင့်ရှောက်တတ်၏၊ ဣတိတသ္မာ-ထိုသို့စောင့်ရှောက်တတ်သောသတ္တိကြောင့်၊ တံဓမ္မံ-ထိုတရားသည်၊ ပရိတ္တံ-ပရိတ္တမည်၏။ (ပရိတ်နိသျ-၃)

နိဗ္ဗာနတ္ထိကေဟိ-နိဗ္ဗာန်ကိုအလိုရှိသောပုဂ္ဂိုလ်တို့သည်၊ မဂ္ဂီယတိ-ရှာမှီးအပ်၏၊ ဣတိ-ထို့ကြောင့်၊ မဂ္ဂေါ-မဂ်မည်၏။ နိဗ္ဗာနံ-နိဗ္ဗာန်ကို၊ မဂ္ဂတိ-ရှာမှီးတတ်၏၊ ဣတိ-ထို့ကြောင့်၊ မဂ္ဂေါ-မဂ်မည်၏။ (ဝိဘင်းဘာဋီ ၃၁၉)